# ပြင်းထန်သောဓာတ်မတည့်မှု (Anaphylaxis) လက္ခဏာများ စစ်ဆေးရန်စာရင်း

Children's Mercy

**1** ✔ **Step 1 -** **လူနာသည် သိရှိထားပြီးသော ဓာတ်မတည့်သည့်အရာတစ်ခုခုနှင့် ထိတွေ့မိခြင်း ရှိနိုင်ပါသလား - ရှိနိုင်ပါသည် (ဆက်လက်ဆောင်ရွက်ပါ။) မရှိနိုင်ပါ (ရပ်ပါ။)** သင် သို့မဟုတ် သင်၏ကလေးတွင် တွေ့ကြုံနေရသော အောက်ပါကဏ္ဍရပ်များ အားလုံးကို အမှန်ခြစ်ပေးပါ။

## ပြင်းထန်သော လက္ခဏာများ -

☐ **စိတ်ပိုင်းဆိုင်ရာ အခြေအနေ (Mental Status) -**
- စိုးရိမ်ပူပန်ခြင်း
- စိတ်ရှုပ်ထွေးခြင်း
- ကံဆိုးမှု (doom) တစ်ခုခု ကျရောက်တော့မည်ဟု ခံစားရခြင်း

☐ **မျက်နှာ -**
- မျက်နှာရောင်ရမ်းခြင်း
- လျှာရောင်ရမ်းခြင်း

☐ **လည်ချောင်း -**
- အသက်ရှူရခက်ခဲခြင်း
- မျိုချရခက်ခဲခြင်း
- အသက်ရှူကျပ်ခြင်း (Tightness)

☐ **နှလုံး -**
- မူးဝေခြင်း
- မူးမေ့ခြင်း
- ဖြူဖျော့ခြင်း
- သွေးခုန်နှုန်းအားနည်းခြင်း

☐ **အဆုတ် -**
- ချောင်းဆိုးခြင်း
- အသက်ရှူချိန် တရှူးရှူးမြည်ခြင်း
- အသက်ရှူမဝခြင်း



☐ **အစာအိမ် -**
- အပြင်းအထန် ဝမ်းလျှောခြင်း
- အကြိမ်ကြိမ် အန်ခြင်း

☐ **အရေပြား -**
- တစ်ကိုယ်လုံး အကွက်များ (Rash) ထွက်ခြင်း
- တစ်ကိုယ်လုံး နီမြန်းခြင်း

## မပြင်းထန်သော လက္ခဏာများ -

☐ **နှာခေါင်း -**
- ယားယံခြင်း
- နှာရည်ယိုခြင်း
- နှာချေခြင်း

☐ **ပါးစပ် -**
- ယားယံခြင်း

☐ **အစာအိမ် -**
- ပျို့ခြင်း
- ဗိုက်မအီမသာဖြစ်ခြင်း

☐ **အရေပြား -**
- ယားယံခြင်း
- အင်ပျဉ်အနည်းငယ်ထွက်ခြင်း

---

**2** **အဆင့် 2 - သင်သည် ကဏ္ဍရပ် မည်မျှကို အမှန်ခြစ်ခဲ့သနည်း။**

**အကယ်၍ အထက်တွင် ပြင်းထန်သော မည်သည့်ကဏ္ဍရပ် (categories) မဆိုအား အမှန်ခြစ်ခဲ့ပါက -**
**<u>အက်ပီနက်ဖရင် ထိုးဆေးပြွန် (epinephrine auto-injector) ဖြင့် ဆေးထိုးပေးပါ။</u>**

**ညွှန်ကြားချက်များအတွက် နောက်ကျောဘက်အား ကြည့်ပါ**
**လူနာကို မတ်မတ်ထိုင်ခိုင်းပါ သို့မဟုတ် (အန်နေပါက) ဘေးစောင်းလှဲနေပါစေ**

**အကယ်၍ ပြင်းထန်သော ကဏ္ဍရပ် (categories) တစ်ခုမျှ အမှန်မခြစ်ခဲ့ပါက - အက်ပီနက်ဖရင် (epinephrine) ကို<u>မထိုးပေးပါနှင့်</u>** STOP

**အကယ်၍ အထက်တွင် မပြင်းထန်သော ကဏ္ဍရပ်များ (mild categories) အား တစ်ခုထက်ပို၍ အမှန်ခြစ်ခဲ့ပါက -**
**<u>အက်ပီနက်ဖရင် ထိုးဆေးပြွန် (epinephrine auto-injector) ဖြင့် ဆေးထိုးပေးပါ။</u>**


**ညွှန်ကြားချက်များအတွက် နောက်ကျောဘက်အား ကြည့်ပါ**
**လူနာကို မတ်မတ်ထိုင်ခိုင်းပါ သို့မဟုတ် (အန်နေပါက) ဘေးစောင်းလှဲနေပါစေ**

**အကယ်၍ မပြင်းထန်သော ကဏ္ဍရပ် တစ်ခု သို့မဟုတ် တစ်ခုကိုမျှ အမှန်မခြစ်ခဲ့ပါက - အက်ပီနက်ဖရင် (epinephrine) ကို<u>မထိုးပေးပါနှင့်</u>** STOP

---

**3** **အဆင့် 3 - သင့်ကလေးကို ဂရုတစိုက် စောင့်ကြည့်ပါ။**


911 သို့ ဖုန်းခေါ်ဆိုပါ။ ရောဂါလက္ခဏာများ ပိုမိုဆိုးရွားလာပါက သို့မဟုတ် 5 မိနစ်ကြာပြီးနောက် သက်သာလာခြင်းမရှိပါက ဆေးဘက်ဆိုင်ရာ အကူအညီများအား စောင့်နေချိန်တွင် အက်ပီနက်ဖရင် (epinephrine) ကို နောက်တစ်ကြိမ် ထိုးပေးပါ။




## EpiPen နှင့် EpiPen Jr.





## Amneal




## SYMJEPI




## AUVI-Q




## Teva




အက်ပီနက်ဖရင် (Epinephrine) သည် ပြင်းထန်သော ဓာတ်မတည့်မှု (Anaphylactic) ဖြစ်ပွါးခြင်းများအတွက် အသုံးပြုသော အသက်ကယ်ဆေးဖြစ်ပြီး အဝတ်အစားပေါ်မှတစ်ဆင့် ထိုးနှံနိုင်ပါသည်။

**ဘေးထွက်ဆိုးကျိုးများ -** တုန်ရီခြင်း/တုန်တုန်ယင်ယင်ဖြစ်ခြင်း၊ မူးမေ့ခြင်း (lightheadedness)၊ နှလုံးခုန်မြန်ခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ ပျို့ခြင်း/အန်ခြင်း၊ ချွေးထွက်ခြင်း၊ အရေပြားဖြူဖျော့ခြင်း

**သိုလှောင်သိမ်းဆည်းခြင်း -** အခန်းအပူချိန်တွင် ထားပါ၊ အပူနှင့် အအေးဒဏ်မှ ကာကွယ်ပါ (ကားထဲတွင် ထားခဲ့ခြင်းကို ရှောင်ကြဉ်ပါ)

**ဆေးထိုးပြွန်အား စွန့်ပစ်နည်း -** ဆေးထိုးပြွန်အား အမှိုက်ပုံးထဲသို့မပစ်မီ ချွန်ထက်သောပစ္စည်းများထည့်သည့်ဘူး (sharps container) သို့မဟုတ် အဝတ်လျှော်ဆပ်ပြာရည်ဘူးကဲ့သို့သော ဘေးဘက်မျက်နှာပြင် မာကြောသည့် ဘူးတစ်ခုခုထဲသို့ စနစ်တကျထည့်၍ စွန့်ပစ်နိုင်ပါသည်။


မူပိုင်ခွင့် © 2026 The Children's Mercy ဆေးရုံ။ မူပိုင်ခွင့်အားလုံးကို ရယူထားပြီးဖြစ်သည်။
ရှင်းလင်းချက် - ဤနေရာတွင်ပါရှိသော အကြောင်းအရာသည် ဤထုတ်ဝေမှုတွင် ဖော်ပြထားသော ကျန်းမာရေးဆိုင်ရာ အကြောင်းအရာ(များ)အား ယေဘုယျ နားလည်မှုကို မြှင့်တင်ပေးရန်နှင့် အသိပညာပေးရေး ရည်ရွယ်ချက်များအတွက်သာ ဖြစ်ပါသည်။ ဤအချက်အလက်များသည် ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင်ပညာရှင်တစ်ဦး၏ ဆေးကုသမှုဆိုင်ရာ သင်တန်းပေးခြင်း၊ အတွေ့အကြုံ သို့မဟုတ် ချင့်ချိန်ဆုံးဖြတ်ချက်များ အတွက် အစားထိုးရန် မဟုတ်ပါ။ တစ်ဦးချင်းစီနှင့် ၎င်းတို့၏ မိသားစုများသည် ဤအချက်အလက်များကို ကျွမ်းကျင်ပညာရှင်၏ ဆေးဘက်ဆိုင်ရာ၊ ကုထုံးဆိုင်ရာ သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အကြံဉာဏ်နှင့် ဆွေးနွေးတိုင်ပင်မှုများအတွက် အစားထိုးအနေဖြင့် မသုံးစွဲသင့်ပါ။ ဥပဒေအရ ဖော်ပြထားခြင်း သို့မဟုတ် ညွှန်းဆိုထားခြင်း ရှိစေကာမူ ဖော်ပြထားသည့် အကြောင်းအရာများအပေါ်တွင် အာမခံချက်ပေးထားခြင်း မရှိပါ။



25-EBP-1905 01/26